သောကတွေ ရောက်ကြ၊ အငြိုးတွေထားကြ၊ အချစ် ကနေ အမုန်း သို့ ပြောင်းလာကာ ရန်သူတွေ လက်စားချေမှုတွေ အဆင့်ထိ ရောက်ကုန်ကြတယ်။ ဒီလို အချစ်မျိုးကြောင့် လူတွေ ပျော်ကြ၊ ငိုကြ၊ တချို့ဘဝတွေဆိုရင် မွန်းတည့်ချိန်မှာ နေဝင် သွားခဲ့ရတယ်။

ဇာတိကို အခြေခံထားတဲ့ ချစ်သူတစ်ယောက်ဟာ နမ်းတဲ့ အခါမှာတောင် လှည့်ဖြားမှုတွေ ရှိတယ်လို့ ကျမ်းစာက သတိပေးတယ်။ ဇာတိအချစ်ကို အခြေခံထားတဲ့ ယုဒရှကာရှုတ်ဟာ အစဉ် ဂရုစိုက်ဖူးသူ ကြင်နာစွာ သူ့အပေါ် ချစ်ခဲ့ဖူးတဲ့ သူ့သခင်ကို ပြန်ချစ်ခဲ့ပေမဲ့၊ ငွေကြေးတွေ ဂုဏ်ပကာသနတွေကို တပ်မက်တဲ့စိတ်က ရင်ထဲ တိုးဝင်လာတဲ့အခါ အရှင့်အပေါ် သစ္စာဖောက် မိလျှက်သား ဖြစ်သွားတယ်။ အသက် မပါတဲ့ အနမ်းတပွင့် ဖြစ်ပေမဲ့ အသက် တစ်ချောင်းကိုတော့ ရက်စက်စွာ ချေရက် နိုင်စွမ်းရှိသလို "မင်္ဂလာရှိပါစေ" လို့ဆိုတဲ့ စကားရဲ့ နောက်ကွယ်မှာ လှောက်ပြောင် ဟားတိုက်မှု၊ စွပ်စွဲ ပြစ်တင်မှု၊ ဆင်းရဲပူပန်မှုတွေနှင့် အတူ အသည်းနလုံး ဆတ်ဆတ်ခါ နာကျင်ကြေကွဲမှုတွေပါ ကပ်ပါလာတယ်။

ဝိညာဉ်က လာသော အချစ်တွေနဲ့ အရင်းခံထားတဲ့ ခရစ်တော်ကတော့ ဒီလိုမုန်း မသိလို့ ချစ်ခဲ့မိတာ မဟုတ်ပဲ၊ သူပေးသော အနမ်းတပွင့်ကို နားလည်စွာ ခံယူရင်း နာကျင်ကြေကွဲနေတဲ့ အသည်းနလုံးကို ပိုက်။ အထင်သေး ရှုတ်ချစွပ်စွဲမှု ဝန်ထုတ် တွေကို ထမ်းကာ၊ လှောင်ပြောင်ဟားတိုက်မှုရဲ့ လမ်းမပေါ်မှာ သွေးစို့နေတဲ့ ခန္ဓာကိုယ်ကို ထိန်းရင်း၊ ယိုင်နဲ့စွာ လျှောက်နေရပေမဲ့ နားလည်ခွင့်လွှတ်မှုတွေနဲ့သာ သူ တစ်ယောက်တည်းအတွက် မဟုတ်ဘဲ၊ သက်ဆိုင်သူတို့ အားလုံးအတွက် အသက် စွန့်ကာ ချစ်သက်သေ ပြသွားခဲ့တယ်။ အချစ်ကြောင့် သေပွဲ ဝင်ခဲ့ရပေမဲ့ ဒီစစ်မှန်တဲ့ အချစ်ကြောင့်ပဲ အသက်သစ် တဖန် ရှင်ပြန်ထမြောက်ခဲ့တယ်။ ဒါဟာ စစ်မှန်တဲ့ အချစ်ရဲ့ အစွမ်းတန်ခိုး ဖြစ်သလို၊ မှန်ကန်တဲ့အချစ်ရဲ့ သက်သေလည်း ဖြစ်ပါတယ်။

ထို့အတူပဲ Valentine's Day သည် လွန်ခဲ့သော နှစ် အနည်းငယ်က ရောမ တွင် ခရစ်ယာန်တို့၏ အသက်ကို ကာကွယ်ပေးပြီး ခေါင်းဖြတ်ခံရသော ဗယ်လင်တိုင်း Valentine အမည်ရှိ ဂျူနီနတ် ဘုန်းကြီး တစ်ပါးနှင့် ခရစ်တော်၏ ဧဝံဂေလိ ပြန့်ပွားရေးအတွက် အသတ်ခံ ရသော ခရစ်ယာန်ဘုန်းကြီး ဗယ်လင်တိုင်း တို့သည် ဘာသာ မတူသော်လည်း အမည်တူကာ ခရစ်ယာန် ဘာသာဝင်တို့အပေါ် ထားရှိသော သက်စွန့် ချစ်မေတ္တာများကို အောက်မေ့ သတိရ ဂုဏ်ပြုရာမှ စတင်လျက် ပေါ်ပေါက်လာရသောနေ့ ဖြစ်ပါသည်။ ထိုနေ့တွင် ရှေးသန့်ရှင်းသူများကဲ့သို့ ဖြူစင်သော ချစ်ခြင်းမေတ္တာများကို တစ်ယောက်နှင့် တစ်ယောက် ဝေမျှပြသရန် ဖြစ်သော်လည်း လူငယ် များစွာတို့သည် online တွေထိုင်၊ Mobile တွေကိုင်ကာ silly rat ham တွေကိုသာ ရှုတ်ပြနေကြကာ အဓိပ္ပါယ်တွေ လွဲမှား ခဲ့ရပေသည်။ ချစ်သူအတွက်ဆို ကောင်းကင် မှုံကြယ် ကိုတောင် ဆွတ်ခူးပေးမတဲ့။ လက်တွေ့ ဘဝမှာ ချစ်သူအတွက် ငပိတခွက်နဲ့ လိုက်ဖက်မဲ့ ကန်စွန်းရွက်တောင် မခူးပေးနိုင်ကြပါဘူး။ ဒီလို အပေါ်ယံ ချစ်ရေး ချစ်ရာတွေ ကြားထဲ ဗျာများနေကြမယ့်အစား၊ ဒီနှစ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ လ ၁၄ ရက် နေ့ရဲ့ Valentine's Day မှာ ၁ကော ၁၃ ကို အဓိပ္ပါယ် ပေါ်အောင် ဖတ်ကြည့်မယ် ဆိုလျှင် စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာအကြောင်းကို နားလည် သဘောပေါက် ပိုင်ဆိုင်နိုင်မှာ အသေချာပါပဲ။ စစ်မှန်တဲ့ အချစ်တွေကို ပိုင်ဆိုင်သူဟာ အဘဲကွဲ ဇာတ်လမ်းတွေ မသတီစရာ ဘဝတွေကို လွှဲရှောင် ကွေကွင်းနိုင်သလို စွန့်လွှတ်မှုတွေ ပေးဆပ်မှုတွေနဲ့ ကြုံလို့ မျှော်လင့်ချက်တွေ မဲ့ သွားခဲ့ရင်တောင် သူ့အတွက် ပြန်လည် ရှင်သန် လာဦးမှာ အမှန်ပါပဲ။

စစ်မှန်တဲ့ ချစ်ခြင်းတွေ လူသားတိုင်း၏ ရင်မှာ ကိုယ်စီ ရှိကြလျှင် သခင်နှင့် ကျွန်ုပ်တို့ ဘယ်လောက်များ ပျော်ကြမည်နည်း။ ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း ထိုသုံးပါး တည်လျှက် ရှိ၏။ ထိုသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံး ဖြစ်၏။ ဘုရားသခင်၏ အေးမြသော မေတ္တာအရိပ်အောက်မှာ မုန်းသူတွေ ပြန်ချစ်၊ ချစ်သူတွေ လက်တွဲကာ ပျော်စရာကောင်းတဲ့ ဘဝကို တည် ဆောက်နိုင်ကြပါစေဟု ဆန္ဒပြုရင်း ...။ ။ Chittonlay

# သက်သေခံချက်




သက်သေခံချက် F-Penny(mizo) တမူး

စက်ာပူနိုင်ငံရဲ့ တစ်နေ့သော နံနက်ခင်း လေးမှာ မိုး တဖွဲဖွဲနှင့် ရွာနေတာမို့ စာရေးသူဟာ အိမ် ပြူတင်း ပေါက်မှ အပြင်ဘက်သို့ ငေးကြည့်နေမိပါတယ်။ ရာသီ ဥတု ရဲ့ အေးစိမ့်စိမ့် ဒါဏ်ကြောင့် ရင်မှာ လွမ်း သလိုလို ဆွေး သလိုလို ခံစားနေမိချိန်မှာ ဖုန်းသံ မြည် လာခဲ့ပြီး စာရေးသူ လည်း ဖုန်းကို ကောက်ကိုင်လိုက်ပြီး "ဟယ်လို ဟုတ်ကဲ့ ပြောပါ။ Penny စကား ပြောနေပါတယ်။" လို့ ဖြေလိုက်မိပါတယ်။ တစ်ဖက်မှ "ဟယ်လို Penny ဒို့ပါ။ ဒီနေ့ တို့ရင်ထဲမှာ မွန်းကြပ်နေလို့ နင့်ကို ဖုန်းခေါ်လိုက်တာပါ။ စကားပြောဖို့ အချိန်ရှိရဲ့လား။ တဲ့လေ။ စာရေးသူလည်း စကား ခဏတာ ငြိမ် လိုက်ပြီးနောက် "ပြော် အချိန် ရှိပါတယ်။ နင်ပြောချင်တာတွေကို ပြောထုတ် လိုက်ပါ သူငယ်ချင်း ဒါမှ နင့်ရင်ထဲက မွန်းကြပ်တာတွေ အနည်းငယ် ပေ့ါသွားမှာပေ့ါ သူငယ်ချင်းရယ် " လို့ ပြန်ဖြေလိုက်တယ်။ နောက်တော့ တစ်ဖက်မှ "ဒီလိုပါ Penny ဒို့လေ ဆုံးဖြတ်ချက်တွေ မှားတော့မလို့ အခုလေ နင့်ကို ဒို့တိုင်ပင်ချင်တယ်။ ရင်ဖွင့် စကား တွေကို ပြောပြ ချင် နေမိတယ်။ ဒို့ ကျမ်းစာတော်မြတ်ထဲက ဗာသရှေဘ လို ဖြစ်နေပြီး။ မသိတော့ဘူး Penny ရယ်" ဆိုပြီး တသိမ့်သိမ့်နှင့် ရှိုက်ငိုသံကိုကြားရ တယ်။ ကြီးမားတဲ့ အပြစ်တစ်ခု ကျူးလွန် နေတယ်လို့ သူ့ကိုယ်သူ ထင်နေမိတယ်လေ။ ခဏတာ ငြိမ်သက် သွားပြီးနောက် "Penny နင်လေ ဒို့မှာ ဘဝ လက်တွဲဖော်အဖြစ် ရည်ရွယ်ထားတဲ့ ချစ်သူရှိတယ်ဆိုတာ သိတယ်နော်။ အဲ့ဒီ ချစ်သူက အခု မြန်မာပြည် ပြန်သွားပြီလေ။ ဒို့ သူ့ကို အရမ်းလွမ်းတယ်။ အရမ်း သတိရတာပဲ။ ဒို့ နှစ်ယောက် ရဲ့အချစ်က အရမ်း ဖြူစင်ခဲ့တယ်ဆိုတာ နင်အသိဆုံးပါ Penny ရယ်။ တချို့သော စက်ာပူ အချစ် ဇာတ်လမ်းတွေလို မဟုတ်ခဲ့တာလဲ နင်အသိဆုံးပါ။ အခုလေ ဒို့ရဲ့ သူငယ်ချင်းလိုလဲ ခင်၊ အစ်ကိုလို၊ မောင်လို သဘောထားပြီး ခင်မင်ခဲ့တဲ့ သူတစ်ယောက် က ဒို့ကို ချစ်ရေးဆို လာတယ်။ သူကလဲ ဒို့မှာ ချစ်သူရှိတယ် ဆိုတာ သိနေ တယ်လေ။ ဒို့အမြဲ ငြင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့ ဖွဲလုံ့လ ကြောင့် ဒို့စိတ်တွေ ယိုင်ခဲ့တယ်။ ချစ်သူကို လွမ်းတဲ့ ဝေဒနာတွေ အစား သူ့ရဲ့အကြင်နာ စကားတွေမှာ သာယာ ခဲ့မိတယ်။ ဒီလိုနှင့် လအနည်းငယ် အတွင်းမှာ ဒို့အသိတရားတွေ ပြန်ရရှိ လာခဲ့တယ်။ ဦးနောက် တွေ ပြန်ကြည်လင်လာခဲ့တယ်။ ဒါနဲ့ သူ့ကို ဒို့ပြောလိုက်တယ်။ ဒို့ရဲ့ ချစ်သူအပေါ်မှာ သစ္စာ မဖောက်ပါရစေနဲ့။ ဒို့ကို မုန်းလိုက်ပါ။ မေ့လိုက်ပါ။ ဒို့ထက် သာတဲ့ မိန်းကလေး တွေ အများကြီးပဲ။ ဒို့ ဘုရားသခင်ကို ကြောက်တယ်လို့ ပြောပြီး လမ်းခွဲ ခဲ့ကြတယ်။ ဒီလို အခြေအနေမျိုးမှာ ဒို့ သူ့အပေါ် တရား လွန်သွားခဲ့သလား။ ဒို့ သူ့ကိုလဲ သနား တယ်။ ချစ်သူကိုလဲ သစ္စာ မဖောက်ချင်ဘူး။ ဘယ်လို လုပ်ရမှာလဲ Penny ရယ် အကြံ ဉာဏ် ပေးပါအုံး" လို့တဖက်မှ တတွတ်တွတ် ရင်ဖွင့် စကားတွေ ကြောင့် စာရေးသူလဲ စဉ်းစားတွေးတောရင်း ငေးငိုင်နေခဲ့တယ်။

နောက်တော့ စာရေး သူက "သူငယ်ချင်း နင့်ရဲ့ ဆုံးဖြတ်ချက်က မမှားပါ ဘူး။ အချိန်မှီ နောက်မကျခင် အသိဉာဏ်တွေ လင်းလက် စေနိုင်ခဲ့တာ ထာဝရ ဘုရား သခင်ရဲ့ ကျေးဇူးတော်ကြောင့် သာပဲပေ့ါ။ ဒါကြောင့် ကျေးဇူးတော်ကို ချီးမွမ်းလိုက်ပြီး ထာဝရ ဘုရားသခင်ထံတော်မှာ အပြစ် ဝန်ချ တောင်းပန်လိုက်ပြီး ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းနှင့် ခွန်အား ယူပါ သူငယ်ချင်းရယ်။ ဒါနဲ့ ကျမ်းစာတော်မြတ်ထဲမှာ ဒါဝဒ်မင်းကြီး၊ ဥရိယ၊ ဗာသရှေဘ တို့ရဲ့ အကြောင်း ရေးသားဖော်ပြထားတယ်လေ။ ဗာသရှေဘကို ဒါဝိဒ်မင်းကြီးက သိမ်းပိုက် ခဲ့တယ်။ ဘာအပြစ်မှ မရှိဘဲ ဥရိယက အသေခံခဲ့ရတယ်။ သူ့မယားကို ပြစ် မှားပြီး ချစ်မိတဲ့အချစ်ကြောင့် ဒါဝိဒ်မင်းကြီးလဲ ဘုရားသခင် ချမှတ်တဲ့ အပြစ်ဒဏ် အတိုင်း ဗာသရှေဘနှင့် ရတဲ့ အဦးဆုံး ကလေး သေခဲ့ ရရှာတယ်။ ဒါကြောင့် အချိန်မှီ အခုလို နေ့ရက်မှာ အမြင်မှန်နဲ့ ဆုံးဖြတ်ချက် မှန်တာကြောင့် နင်လည်း ဗာသရှေဘလို မဖြစ်တော့ဘူး။ နင့်ရဲ့ချစ်သူလည်း ဥရိယလို မကြုံရတော့ဘူး။ နင့်ကို ချစ်မိတဲ့သူ လည်း ဒါဝိဒ်မင်းကြီးလို အပြစ်ဒဏ် မခံရ တော့ဘူးပေ့ါ။ နင် သဘောပေါက်တယ်နော်။ စိတ်နလုံး ငြိမ်သက်စွာနဲ့ ကျမ်းစာကို ဖတ်လိုက်ပါ သူငယ်ချင်း ဘိုင်းဘိုင်" ဆိုပြီး နှစ်သိမ့် မှုတွေနဲ့ စာရေးသူလည်း ဖုန်းကို ချလိုက်ပါတယ်။ ဒီသက်သေခံချက် စာမူ လေးကို တစ်ယောက်သောသူ ဖတ်မိခဲ့မယ် ဆိုရင် ကျေနပ်စွာဖြင့် ထာဝရ ဘုရား သခင် ကို ချီးမွမ်းပြီး ဗာသရှေဘ၊ ဥရိယ၊ ဒါဝိဒ် မင်းကြီး တို့လို အဖြစ်ဆိုး အပြစ်ဆိုးမှ လွတ် မြောက်ခဲ့ကြောင်းကို ခံစားသိရှိမည် အကြောင်းကို ယုံကြည် မျှော်လင့်လျှက်။

မှတ်ချက်။ ။ တို့ လူသားတွေအတွက် အကောင်းဆုံး သော လမ်းညွှန် စာအုပ်မှာ သမ္မာ ကျမ်းစာ စာအုပ်ပင် ဖြစ်ပါ သည်။ မည်သည့် အခက်အခဲ မည်သည့်ဝေဒနာ၊ မည်သည့် ဒုက္ခနှင့် မဆို ကြုံတွေခဲ့လျှင်ဖြင့် လမ်းညွှန် ကျမ်းစာ တော်မြတ်ကို ဖတ်ခြင်းအား ဖြင့် ဖြေရှင်း နိုင်မည့် နည်းလမ်းကောင်းများ ရှာဖွေ တွေ့ရှိ နိုင်မည်မှာ ဧကန်အမှန်ပါ။

သခင့် ကျေးဇူးတော်မြတ်၌ - F – Penny (mizo) တမူး



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့်
Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက
Facebook account ; lord's word နှင့် ဝိညာဉ်ရေးရာ ရသစုံ စာမူများ ဖတ်ရှုလိုပါက facebook account
lord's word (သခင့်စကား) နှင့် lord's heart (သခင့်နလုံးသား)ထံ friend request လုပ်ပြီး ဖတ်ရှုနိုင်ပါသည်။